# သင်နှင့်ပါတ်သက်နေသော ကမ္ဘာမိုးမြေစ ကြာဝဠာကိုဖန်ဆင်းအုပ်ချုပ် တော်မူ၍ သင့်ကိုကယ်တင်သည့်ဘုရားသခင်။

မိတ်ဆွေ-- သင်သည်အောက်ပါအကြောင်းရာများကိုဖတ်ရှုလေ့လာပါက သင့်ဘဝအတွက်အဖိုးမဖြတ်နိုင်သောပြည့်စုံသည့် အဖြေတခုကိုရရှိနိုင်ပါလိမ့်မည်၊ ခရစ်ယာန်ဘာသာသည်ကျနုပ်တို့တိုင်းပြည်မှထွက်သောဘာသာတခုမဟုတ်၊ နိုင်ငံခြားမှလာသောဘာသာ ဖြစ်သောကြောင့်သင် လက်မခံနိုင်ဟုငြင်းပယ်ကောင်း ငြင်းပယ် ပါလိမ့်မည်၊ သို့သော် သင်တို့ လက်ရှိကိုးကွယ်နေသော ဘာသာပင်လျှင် နိုင်ငံခြားမှဝင်ရောက်လာခဲ့သောဘာသာတခုဖြစ်နေကြောင်းသင်သတိမူပါ။

## ဖန်ဆင်းရှင်ဘုရားအားအသိမှတ်ပြုပါ

၁။ လူ့ လောကအတွက်အရာရာတိုင်းသည်ပြုလုပ်သူ(ဖန်ဆင်းရှင်)ရှိမှဖြစ်ပေါ်လာနိုင်သည်။ ဘုရားရှင်သည်အရာအားလုံးကိုဖန်ဆင်းခဲ့သည်။
(က)ပြုလုပ်သူ မရှိဘဲ နာရီ၊ စက္ကူ၊ ဘောပင်၊ အင်္ကျီ၊ ကက်ဆက်၊ ပန်ကာ စသည်တို့မည်သို့ဖြစ်ပေါ်လာနိုင်မည်နည်း။
(ခ )ပြုလုပ်သူ(ဖန်ဆင်းရှင်ဘုရား)မရှိဘဲ ကမ္ဘာ၊ ကြယ် ၊လ ၊လူ၊ တိရိစ္ဆာန်၊ ရာသီဥတု၊ သစ်ပင် စသည်တို့မည်သို့ဖြစ်ပေါ်လာနိုင်မည်နည်း။

၂။ လူသည်ဖန်ဆင်းရှင်ဘုရားအားအသိမှတ်ပြုရမည့်ဝတ္တရားရှိသည်။
(က)လူသည် မိမိမပြုလုပ်ထားသော ဆွဲငင်အားရှိသည့်ကမ္ဘာမြေပေါ်တွင်နေထိုင်နေရသည့်ပြင်၊ မိမိမပြုလုပ်ထားသော နေ၏အလင်းရောင် ကိုအမှီသဟဲပြုနေရခြင်း၊ လေကို ရှူရှိုက်ရခြင်း၊ ရာသီဥတုများကိုအမှီသဟဲပြုနေရခြင်း စသည့်တို့ကြောင့် ထိုအရာများကို ပြုလုပ်ဖန်ဆင်းပေးထားသူ ဘုရားအားအသိမှတ်ပြုကိုးကွယ်ရမည့်မွေးရာပါဝတ္တရားရှိနေသည်။
(ခ )သင်သည် ထိုဝတ္တရားကိုပျက်ကွက်နေသူဖြစ်ပါက ယခုချက်ခြင်းပင် ထိုဖန်ဆင်းရှင် ဘုရားကိုအသိမှတ်ပြုပါ။

## ဖန်ဆင်းရှင်ဘုရား၏ချစ်ခြင်းမေတ္တာ

၃။ ဖန်ဆင်းရှင်ဘုရားသခင်သည်လူသားတို့ကိုအလွန်ချစ်မြတ်နိုးတော်မူသည်။
(က)သင်မွေးမြူထားသော တိရိစ္ဆာန်၊ သင်စိုက်ပျိုးထားသော သစ်ပင်၊ ပန်းပင်များကို သင်သံယောဇဉ်ရှိသည်ကိုအမှတ်ရပါ။
(ခ )ဘုရားရှင်သည်သူဖန်ဆင်းထားခဲ့သော သင်နှင့်ကျနုပ်တို့လူသားအားလုံးကိုနောင်ဘဝ၌ သူ၏ထာဝရနိုင်ငံတော်တွင်ပျော်ရွှင်စွာအသက်ရှင်စေလိုသည်။

## လူသားတို့၏အပြစ်များ

၄။ လူသားတိုင်း အပြစ်ရှိကြ၍ တမလွန်၌အပြစ်ဒါဏ် စီရင်ခံရမည့်အပြင် နောင်ဘဝ၌ ဘုရားရှင်၏နိုင်ငံ၌ပျော်ရွှင်စွာအသက်ရှင်ရမည့်အခွင့်ကို ပါလက်လွတ်ဆုံးရှုံးကြရသည်။
(က)ဖန်ဆင်းရှင်ဘုရားကိုလက်မခံ၊ အသိမှတ်မပြုခြင်းသည် လူသားတို့၏ ပထမအပြစ်ဖြစ်သည်။
(ခ )လူ လူခြင်း စိတ်၊ နှုတ်၊ အကျင့်တို့ဖြင့်မှားယွင်းခြင်းသည် ဒုတိယအပြစ်ဖြစ်သည်။
(ဂ )အထက်ပါအချက် ၂ချက်ဖြင့် မိမိကိုယ်ကိုပြန်လည်ဆန်းစစ်ပါက သင်သည်အပြစ်သားဖြစ်ကြောင်းထင်ရှားစွာတွေ့ရပေလိမ့်မည်။

## အပြစ်မှလွတ်ငြိမ်းချမ်းသာခွင့်(ကယ်တင်ခြင်း)

၅။ဖန်ဆင်းရှင်ဘုရားသခင်သည် လူသားတို့၏အပြစ်များကိုလွတ်စေရန် သူ၏သားတော် ယေရှုခရစ်ကို လူလောကသို့စေလွှတ်၍ကယ်တင်စေခဲ့သည်။ (ပြစ်မှုကျူးလွန်သူများကို အာဏာပိုင်များဂရုဏာသက်သည့်အခါ အပြစ်ဒါဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ပေးတတ်သည်ကိုသတိမူပါ)
(က)ယေရှုခရစ်သည် လူသားအပြစ် ခံယူတော်မူ၍ လက်ဝါးကားတိုင်၌ အသေခံပေးခြင်းဖြင့် လူသားတို့၏အပြစ်များကိုဆပ်ဖြေပေးခဲ့သည်။
(ခ )ယေရှုခရစ်သည် သေလွန်၍ ၃ရက်အကြာတွင် ရှင်ပြန်ထမြောက်ခြင်း အားဖြင့် သူကယ်တင်ခြင်းကိုလက်ခံသူများ သေလွန်ပြီး တနေ့တွင် ရှင်ပြန် ထမြောက်၍ ထာဝရ အသက်ကို ဝင်စား နိုင်ကြောင်းကိုယ်တိုင်ပြသ သက်သေထူသွားခဲ့သည်။

## သင်ရယူခံစားနိုင်ခွင့်ရှိသော ဘုရားရှင်၏ကယ်တင်ခြင်း

၆။သင်သည်ဖန်ဆင်းရှင်ဘုရား၏ကယ်တင်ခြင်းကိုအောက်ပါနည်းလမ်းအတိုင်းရယူခံစားနိုင်သည်။
(က)ကမ္ဘာ မိုးမြေ စကြဝဠာမှအစ အရာအားလုံးကို ဖန်ဆင်းသော ဖန်ဆင်းရှင်ဘုရားကို အသိမှတ်ပြုပါ။
(ခ )သင်အပါဝင် ဤကမ္ဘာပေါ်ရှိ လူသားအားလုံးသည် အပြစ်ရှိသူများဖြစ်ကြောင်း အသိမှတ်ပြုဝန်ခံပါ။
(ဂ )သင်နှင့် ကျနုပ်တို့လူသား အားလုံး ကျူးလွန်မိသော အပြစ်များ ကိုဆပ်ဖြေရန် လက်ဝါးကားတိုင်၌အသေခံ၍ ၃ရက် အကြာတွင် ရှင်ပြန်ခဲ့သူ ဘုရားသခင်၏ သားတော် ယေရှု ခရစ်၏ ကယ်တင်ပေးမှုကိုအသိမှတ်ပြုဝန်ခံပါ။

၇။ ထိုကယ်တင်ခြင်းကိုသင်လက်ခံယုံကြည်ပါက ကမ္ဘာမိုးမြေစကြဝဠာကိုဖန်ဆင်းသော ဘုရားရှင်၏သားသမီးအဖြစ်ကို သင်ရရှိမည့်အပြင်များပြားလှသောကောင်းချည်းမင်္ဂလာများနှင့်တကွ အောက်ပါအခြေခံအကျိုးကျေးဇူး ၂ခုကို မလွဲဧကန်မုချရရှိမည်ဖြစ်သည်။ ၄င်းတို့မှာ
(က)သင် ကျူးလွန်မိသောအပြစ်များအတွက် အပါယ်မလားတော့ဘဲ နောင်ဘဝ၌ ဘုရားသခင်၏ ထာဝရအသက်ရှင်သည့်ပျော်ရွှင်သော နိုင်ငံတော်သို့ဝင်စားအသက်ရှင်ခွင့်ရမည်။
(ခ )ယခုဘဝတွင်လဲပျော်ရွှင်ငြိမ်သက်ခွင့်ကိုရရှိမည်။

ပိုမိုသိရှိလိုပါက မိမိနေရပ်လိပ်စာကိုဖေါ်ပြ၍

**မဲဆောက်နှစ်ခြင်းခရစ်ယန်အသင်းတော်**
P O Box 52, Maesot, Tak, 63110 သို့စာရေးဆက်သွယ်လေ့လာနိုင်ပါသည်။